အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

## နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

## "တရားမျှတမှုရရှိရေး ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေး"

၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်နေ့

ယနေ့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အထိမ်းအမှတ်ကို နိုင်ငံအသီးသီးမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်သူများမှ နေရာအနှံ့အပြားတွင် (၁၆) ရက်တာ လှုပ်ရှားမှုများ နှစ်စဉ်နှစ်တိုင်း ပြုလုပ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အဖွဲ့ဝင်အဖွဲ့အစည်း (၂) ဖွဲ့ဖြစ်သော လားဟူ အမျိုးသမီးအဖွဲ့အစည်း နှင့် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း၊ မိတ်ဖက် အဖွဲ့အစည်းဖြစ်သော ကျိုင်းတုံလူငယ်စင်တာတို့နှင့် ပူးပေါင်းကာ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ **"တရားမျှတမှုရရှိရေး ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေး"** ဆောင်ပုဒ်ဖြင့် အခမ်းအနားကို တိုင်းလိခန်းမဆောင်၊ ကျိုင်းတုံမြို့တွင် ကျင်းပပြုလုပ်နေပါသည်။

နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ အထိမ်းအမှတ်ကို အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖွဲ့အစည်းများ တည်ရှိရာဒေသ အသီးသီး နှင့် အဖွဲ့ချုပ် တည်ရှိရာနေရာများတွင် အဖွဲ့ချုပ် တည်ထောင်ခဲ့စဉ်မှ စပြီးနှစ်စဉ်ကျင်းပခဲ့ပါသည်။ ထို့အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ရပ်တန့်စေရုံဖြင့်သာမက လုံးဝပျောက်ကွယ်သွားစေရန်အတွက် အဖွဲ့ချုပ်မှ အကြမ်းဖက်မှုများ နှင့် ပတ်သက်ပြီး (zero tolerance) မူကို ထားရှိကာ တရားမျှတမှုဆိုင်ရာ သုံးသပ်ချက်စာတမ်းများ ထုတ်ဝေခြင်း၊ ကမ်ပိန်းများ ပြုလုပ်ခြင်း နှင့် နိုင်ငံတကာအစိုးရ နှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို စည်းရုံးတိုက်တွန်းဖိအား ပေးခြင်း စသဖြင့် အကြမ်းဖက်မှုများ ပပျောက်စေရန် တစိုက်မတ်မတ်လုပ်ဆောင်လာခဲ့သည်။

အမျိုးသမီးများ အကြမ်းဖက်မှုများလာသည်မှာ မုဒိမ်းမှု နှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့ရင်ဆိုင် နေရသော အမျိုးသမီး နှင့် မိန်းကလေးငယ်များမှာလည်း မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်။

လွိုင်ကော်မြို့၊ ဟိုရာကျေးရွာတွင် ဖြစ်ပွားခဲ့သည့် စိတ်ကျန်းမာရေး မကောင်းသော ကလေးသူငယ် သက်ငယ်မုဒိမ်းမှုတွင် ပုဒ်မ ၃၇၇၊ ၃၇၆ ဖြင့် တရားဆွဲဆိုထားသော်လည်း တရားစီရင်ချက်ချမှတ်ရာတွင် (၇) နှစ်သာချမှတ်သည်ကို တွေ့ရှိရသည်။ ဤဖြစ်စဉ်ကို ကြည့်ရှုခြင်းအားဖြင့် မမျှတသောတရားစီရင်မှုကို တွေ့ ရသည်။

၂၀၁၈-၂၀၁၉ ခုနှစ်တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အကြမ်းဖက်မှုမှတ်တမ်းအရ စုစုပေါင်း (၂၃၈) မှု ရှိပြီး တရားမျှတမှုမရရှိဘဲ ကင်းလွတ်ခွင့်ဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ရှိနေသည်ကို တွေ့ရပါသည်။ တခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများအပြင် အမျိုးသမီး နှင့် ကလေးသူငယ်များစွာ ထိခိုက်ဒဏ်ရာရရှိပြီး အသက်ပေါင်းများစွာ သေဆုံးခဲ့ရသည်။

မြန်မာနိုင်ငံ၏ ပြည်ထဲရေး ထုတ်ပြန်ကြေညာချက် အရ  လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် ၂၀၁၆ ခုနှစ်တွင် အမှုပေါင်း ၁၄၀၅ မှု၊ ၂၀၁၇ ခုနှစ် တွင် ၁၅၈၃ မှု ၊ ၂၀၁၈ ခုနှစ်တွင် ၆၁၉ မှု ၊၂၀၁၉ ခုနှစ်တွင်လည်း ဆက်လက်ဖြစ်ပွားနေသည်။ ထို့အပြင် သက်ငယ်မုဒိမ်းမှုများမှာလည်း ၂၀၁၆ ခုနှစ်တွင် ၆၇၁ မှု (၆၀.၉၄%) ၊ ၂၀၁၇ ခုနှစ်တွင် ၈၉၇ မှု (၆၃.၈၄%) ၊ ၂၀၁၈ ခုနှစ်တွင်  ၁၀၂၈ မှု (၆၄.၉၃%) ၊ ၂၀၁၉ ခုနှစ်ဝက် အထိ တွင် ၄၁၉ မှု ( ၆၇.၆၈%) ဖြစ် ဖော်ပြခဲ့ပါသည်။[1]

ထို့အပြင် ယခုလက်ရှိ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် နှင့် ရခိုင်ပြည်နယ်တွင်း စစ်ပွဲပဋိပက္ခများ ဖြစ်ပွားရာဒေသများတွင် အာဏာပိုင်များ၊ သြဇာအာဏာရှိသူများ၏ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများတွင် အကြမ်းဖက်မှု ကျူးလွန်သူများသည် ထိရောက်သည့် အပြစ်ပေးအရေးယူ ခံရခြင်းမရှိပဲ ပြစ်ဒဏ်မှ ဆက်လက် ကင်းလွတ်ခွင့်ရနေသည်။ ထို့ကြောင့် အကြမ်းဖက်ကျူးလွန်ခံရသူ အမျိုးသမီးများအတွက် တရားမျှတမှု ဆောင်ကျဉ်းပေးနိုင်ရန် အလှမ်းကွာဝေးနေဦးမည်ဖြစ်ပြီး အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန်အတွက် အားပေးရာ သက်ရောက်စေပါသည်။ ပဋိပက္ခအတွင်း အမျိုးသမီးများ ရာပေါင်းများစွာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများကို သက်သေအထောက်အထားများ နှင့်တကွ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အပါအဝင် ၎င်း၏ အဖွဲ့ဝင်အဖွဲ့အစည်းများမှ ထုတ်ပြန်ခဲ့သော်လည်း ယနေ့အချိန်အထိ အငြင်းပွားနေသေးသည့် အခြေအနေတွင် ရှိနေသေးသည်။  (ဥပမာ - ၂၀၁၉ ခုနှစ် ၊ မေလ ၊ ၁၀ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း၊ နမ့်ဆန် မြို့နယ်တွင်  မြန်မာတပ်မတော် (၂) ဦးမှ အမျိုးသမီးတစ်ဦးအား မုဒိမ်းပြုကျင့်ခဲ့ရာတွင် တရားမျှတမှု မရရှိပေ။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ပေးရေး ဥပဒေမူကြမ်း (PoVAW Bill) သည် ဥပဒေ တစ်ရပ်အဖြစ်  ပြဋ္ဌာန်းရန် နှောင့်နှေးကြန့်ကြာလျှက်ရှိပြီး လက်ရှိပြင်ဆင်ထားသည့် မူကြမ်းမှာလည်း စုံလင် ကွဲပြားသော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများမှ အမှန်တကယ် တားဆီးကာကွယ်မပေး နိုင်သည့် အနေအထားတွင်ရှိသည်ဟု သုံးသပ်သည်။ အထူးသဖြင့် ပဋိပက္ခဒေသတွင်းရှိ အမျိုးသမီးများ အသံ၊ စိုးရိမ်မှုများအား ထည့်သွင်းစဉ်းစားထားခြင်း မရှိပေ။ ထို့အပြင် ကနဦးမူကြမ်းရေးဆွဲခဲ့ရသူများ အပါအဝင် ဥပဒေ တတ်ကျွမ်းသူများ နှင့် လိင်ပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းသူများအား ဥပဒေကြမ်း တည်းဖြတ်ရာတွင် အကြံပြုချက်များ ပြုလုပ်ခွင့်မရှိခြင်း၊ ဥပဒေ၏ အဓိကအပြောင်းအလဲများ နှင့် ပတ်သက်ပြီး သိရှိနိုင်ခြင်း မရှိပေ။ ထို့အပြင် အမှန်တရား နှင့် တရားမျှတမှုကို ဖော်ဆောင်ပေးနေသည့် အမျိုးသမီးများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း နှင့် တရားမျှတမှု

---

[1] https://www.aa.com.tr/en/asia-pacific/myanmar-minor-s-rape-shakes-national-consciousness/1530651

ရှာဖွေနေသော အမျိုးသမီးများမှာလည်း ငွေကြေးဖြင့် အမှုကို နှုတ်ပိတ်ခံရခြင်း စသည်တို့လည်း ကြုံတွေ့ ရင်ဆိုင် နေရသည်။

ထိုသို့သော အခြေအနေကြောင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အောက်ပါအချက်များ သက်ဆိုင်ရာ တာဝန်ရှိသူ အားလုံး တောင်းဆိုအပ်ပါသည်။

- အမျိုးသမီးအကြမ်းဖက်မှုဆိုင်ရာ ပြဿနာများကို လွတ်လပ်ပြီး ဘက်မလိုက်သော တရားမျှတမှုရှိသည့် တရားစီရင်ရေး ရရှိစေရန်အတွက် စနစ်တကျ ထိရောက်အရေးယူ ဆောင်ရွက်မှုပြုလုပ်ရန်။
- စစ်ပဋိပက္ခတွင်း ဖြစ်ပွားနေသော အကြမ်းဖက်မှု အခြေအနေများကို တရားမျှတမှု ရရှိစေရန် နှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေးရန်။
- အမျိုးသမီးများကို ဖိနှိပ်ခြင်း၊ အကြမ်းဖက်သော တည်ဆဲဥပဒေများကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ပြီး မြန်မာပြည်တွင်းတွင် နေထိုင်နေသော အမျိုးသမီးများအားလုံးအတွက် အကာအကွယ်ပေး နိုင်သည့် ဥပဒေများ ပြဌာန်းရန်။
- နိုင်ငံတကာ အသိုင်းအဝိုင်းများမှ လိင်ပိုင်းဆိုင်ရာ နှင့် အကြမ်းဖက်မှု ကျူးလွန်သည့် တရားခံများကို ထိရောက်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ပေးရန် ၊ ထိရောက်သည့် စီးပွားရေး ပိတ်ဆို့မှုများ ပြုလုပ်ရန် နှင့် ကျူးလွန်ခံရသည့် နစ်နာသူ (သို့) အသက်ရှင်ကျန်ရစ်သူများအား ကုစားမှုများကို ပံ့ပိုးကူညီရန်။
- တပ်မတော်အထက်အရာရှိကြီးများ၊ အစိုးရအာဏာရှိသူများ နှင့် လုံခြုံရေးအမှုထမ်းများမှ အကြမ်းဖက်မှုများ နှင့် လိင်ပိုင်းဆိုင်ရာ နှင့် ကျား-မဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်သော နိုင်ငံတကာ ဥပဒေအရ ဆိုးရွားသော ရာဇဝတ်မှုများကို ကျူးလွန်သူအားလုံးကို ထိရောက်သည့် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ပေးရန် တောင်းဆိုသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် **"တရားမျှတမှုရရှိရေး ပြစ်ဒဏ်ကင်းလွတ်ခွင့်များ ရပ်တန့်ပေး"** ဟူသော ဆောင်ပုဒ်နှင့် အညီအမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရန်၊ တရားမျှတမှုရရှိရေး၊ ပြည်တွင်းစစ်ရပ်တန့်ရေး၊ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး နှင့် ကျား-မ တန်းတူရေးတွေကနေတဆင့် နစ်ရှည်လများ လိုလားတောင့်တလာတဲ့ ပြည်တွင်း ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေးအတွက် အတူတကွ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

**ဆက်သွယ်ရန်**


| | | |
|---|---|---|
| နော်ဆဲဆဲ | (+၉၅) ၉ ၂၅၅ ၈၁၇ ၇၉၂ | (အထွေထွေအတွင်းရေးမှူး) |
| နာဗစ်ဘွန် | (+၉၅ ) ၉ ၄၂၄ ၁၉၉ ၃၅၂ | ( မူဝါဒရေးရာအဖွဲ့ဝင် ) |